# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန
## အမိန့်ကြော်ငြာစာအမှတ် (၄၅၄ / ၂၀၂၀)
## နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်
## ( ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၂ ရက် )

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေ ပုဒ်မ ၃၆ ပုဒ်မခွဲ(က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာနည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့်နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာနည်းဥပဒေများ နည်းဥပဒေ ၂ တွင်-

(က) နည်းဥပဒေခွဲ (ခ) ကို ပယ်ဖျက်ပြီး နည်းဥပဒေခွဲ (ဃ) နှင့် နည်းဥပဒေခွဲ (င) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) အိမ်ထောင်စုဆိုသည်မှာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက သတ်မှတ်ထားသော ပုံစံ ၆၆/ ၆ တွင်ဖော်ပြထားသည့် မိသားစုဝင်များစာရင်းကို ဆိုသည်။

(င) ဆယ်အိမ်စု ဆိုသည်မှာ နည်းဥပဒေ ၅ နည်းဥပဒေခွဲ (က)နှင့် နည်းဥပဒေခွဲ (ခ) အရ ဖွဲ့စည်းသော အိမ်ထောင်စု အစုအဖွဲ့ ကိုဆိုသည်။"

(ခ) နည်းဥပဒေခွဲ (င)၏နောက်တွင် နည်းဥပဒေခွဲ (စ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(စ) ရာအိမ်စု ဆိုသည်မှာ နည်းဥပဒေ ၅ နည်းဥပဒေခွဲ (ဂ) နှင့် နည်းဥပဒေခွဲ (ဃ)အရ ဖွဲ့စည်းသော ဆယ်အိမ်စုအစု အဖွဲ့များ ကိုဆိုသည်။"

၃။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေများအခန်း(၂) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"**အခန်း (၂)**

ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၃။ မြို့နယ်အုပ်ချုပ်ရေးမှူးသည်-

(က) ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ရာတွင် အောက်ပါကိစ္စရပ်များကို

လိုက်နာဆောင်ရွက်ရန် လက်ရှိတာဝန်ထမ်းဆောင်ဆဲ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအား ညွှန်ကြားရမည်-

(၁) ကြီးကြပ်ရေးအဖွဲ့အဖြစ် ရွေးချယ်တာဝန်ပေးအပ်နိုင်ရေး အစည်းအဝေးကို အိမ်ထောင်စုတစ်စုလျှင် အိမ်ထောင်စုကိုယ်စားလှယ် တစ်ဦးနှုန်း တက်ရောက်ရန် စာဖြင့် ရက်သတ္တတစ်ပတ်ကြိုတင်ဖိတ်ကြားခြင်းနှင့် ဖိတ်ကြားထားရှိမှုအခြေအနေအား မှတ်တမ်းထားခြင်း၊

(၂) အိမ်ထောင်စုကိုယ်စားလှယ် စာရင်းပေးရာတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ခြင်းလုပ်ငန်း ပြီးဆုံးသည်အထိ တစ်ဦးတည်းကိုသာ အိမ်ထောင်စုတစ်စုက ကိုယ်စားလှယ်အဖြစ် အမည်စာရင်း ပေးသွင်းစေခြင်း၊

(၃) ကြီးကြပ်ရေးအဖွဲ့ကို ရွေးချယ်ချိန်တွင် ပျက်ကွက်သောအိမ်ထောင်စု ကိုယ်စားလှယ်များက ကန့်ကွက်ပိုင်ခွင့်မရှိကြောင်း ကြိုတင်အသိပေးခြင်း၊

(၄) အိမ်ထောင်စုကိုယ်စားလှယ်များ၏ အမည်စာရင်းကို စာရင်းပြုစုခြင်းနှင့် မှတ်တမ်းထားခြင်း၊

(၅) ကြီးကြပ်ရေးအဖွဲ့ ရွေးချယ်ရာ၌ ကူညီဆောင်ရွက်ခြင်းနှင့် ရွေးချယ်မှုကို မှတ်တမ်းထားခြင်း။

(ခ) ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်များ ရွေးချယ်သည့်ကိစ္စ ဆောင်ရွက်နိုင်ရန် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများကို ပူးပေါင်းပါဝင်စေရေးအတွက် အကူအညီ တောင်းခံနိုင်သည်။

၄။ (က) ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ရာတွင်-

(၁) သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ အိမ်ထောင်စုတွင် ပါဝင်ပြီး ယင်းတာဝန်ကို ထမ်းဆောင်ရန် ဆန္ဒရှိသည့် တစ်ဆက်တည်း အနည်းဆုံး ငါးနှစ်နေထိုင်သူဖြစ်သော အများကြည်ညို လေးစားသည့် ရပ်မိရပ်ဖငါးဦးကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများက ရပ်ကွက် သို့မဟုတ် ကျေးရွာ

အုပ်စုတစ်ခုစီအတွက် အများပြည်သူ၏ရှေ့မှောက်တွင် ကြီးကြပ်ရေးအဖွဲ့ဝင်များအဖြစ် ရွေးချယ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက တာဝန်ပေးအပ်ရမည်။

(၂) သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများက ရွေးချယ်ပေးသော ရပ်မိရပ်ဖ အရေအတွက်သည် ငါးဦးထက်ပိုပါကဆန္ဒမဲပေး စနစ်ကိုအသုံးပြု၍ ဆန္ဒမဲအများဆုံးရရှိသူငါးဦးကို ကြီးကြပ်ရေးအဖွဲ့ဝင်များအဖြစ် ရွေးချယ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက တာဝန်ပေးအပ်ရမည်။

(၃) ကျေးရွာငါးရွာထက်ပိုသော ကျေးရွာအုပ်စုများတွင် ကြီးကြပ်ရေးအဖွဲ့ဝင် ငါးဦးအား တတ်နိုင်သမျှ အချိုးကျ ပါဝင်ဖွဲ့စည်းရမည်။

(၄) ကြီးကြပ်ရေးအဖွဲ့ဝင်များအနက် အဖွဲ့ခေါင်းဆောင်တစ်ဦးကို အဖွဲ့ဝင်အချင်းချင်း ညှိနှိုင်းရွေးချယ် သတ်မှတ်ရမည်။ ညှိနှိုင်းရွေးချယ်၍ မရပါက အဖွဲ့ဝင်အချင်းချင်း ဆန္ဒမဲပေး၍ ရွေးချယ်သတ်မှတ်ရမည်ဖြစ်ပြီး ဆန္ဒမဲပေးရာ၌ မိမိမှတစ်ပါး အခြားအဖွဲ့ဝင်များကိုသာ မဲပေးရမည်။

(၅) ကြီးကြပ်ရေးအဖွဲ့ဝင်အဖြစ် ရွေးချယ်ခံရသူက ယင်းတာဝန်ကို ဆောင်ရွက်လိုခြင်း မရှိလျှင် ငြင်းပယ်ခွင့်ရှိပြီး တာဝန်ထမ်းဆောင်ရန် ဆန္ဒရှိသူကိုသာ ရွေးချယ်ရမည်။

(၆) ကြီးကြပ်ရေးအဖွဲ့၏ သက်တမ်းနှင့် လုပ်ငန်းတာဝန်သည် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ခန့်အပ်သည့်နေ့အထိသာ ဖြစ်သည်။

(ခ) မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ကျေးရွာတာဝန်ခံ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ လစ်လပ်ပါက ကြီးကြပ်ရေးအဖွဲ့ အသစ်ဖွဲ့စည်း၍ ရွေးချယ်ခြင်းကို ဆောင်ရွက်စေရမည်။

(ဂ) မြို့နယ်အုပ်ချုပ်ရေးမှူးသည် ကြီးကြပ်ရေးအဖွဲ့ဝင်များက ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်မှုမရှိခြင်း၊ ကျော်လွန်လုပ်ဆောင်ခြင်း၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်မှုမရှိခြင်း၊ ကြီးကြပ်ရေးအဖွဲ့ဝင်အချင်းချင်း သဘောထား ကွဲလွဲခြင်း သို့မဟုတ် တစ်ဦးနှင့်တစ်ဦး ညှိနှိုင်းဆောင်ရွက်၍ မရခြင်း စိစစ်တွေ့ရှိလျှင် ယင်းပုဂ္ဂိုလ်ကို

ကြီးကြပ်ရေးအဖွဲ့ဝင် အဖြစ်မှရပ်စဲခြင်း၊ အစားထိုး ပြန်လည်ရွေးချယ်ခြင်း သို့မဟုတ် ကြီးကြပ်ရေးအဖွဲ့ကို ပြန်လည်ဖွဲ့စည်းခြင်း ဆောင်ရွက်နိုင်သည်။

(ဃ) မြို့နယ်အုပ်ချုပ်ရေးမှူးသည် ကြီးကြပ်ရေးအဖွဲ့ဝင် ငါးဦးအနက် တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော အဖွဲ့ဝင်များက တာဝန်ထမ်းဆောင်နေစဉ်အတွင်း သေဆုံးခြင်း သို့မဟုတ် မိမိဆန္ဒအလျောက် နုတ်ထွက်ခြင်းဖြစ်လျှင် လစ်လပ်သွားသော ကြီးကြပ်ရေး အဖွဲ့ဝင်အတွက် အစားထိုး ပြန်လည်ရွေးချယ်စေရမည်။

၅။ ကြီးကြပ်ရေးအဖွဲ့သည် ဆယ်အိမ်စုများ ဖွဲ့စည်းရာတွင်လည်းကောင်း၊ ရာအိမ်စုများ ဖွဲ့စည်းရာတွင်လည်းကောင်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ အိမ်ထောင်စုစာရင်းကို ရယူ၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ဝဲမှယာ တစ်ဆက်တစ်စပ်တည်း အစဉ်လိုက်ဖြစ်သော နေအိမ်ဘေးချင်းကပ် သို့မဟုတ် အနီးစပ်ဆုံးယှဉ်တွဲလျက်ရှိသည့် အများဆုံးအိမ်ထောင်စုဆယ်စု ပါဝင်သော ဆယ်အိမ်စုများကို ဖွဲ့စည်းရမည်။

(ခ) သတ်မှတ်နယ်မြေတစ်ခုအတွင်း-

(၁) အိမ်ထောင်စု ဆယ်စုမပြည့်လျှင် ဆယ်အိမ်စုတစ်စုအဖြစ် သတ်မှတ်ဖွဲ့စည်းရမည်။

(၂) အိမ်ထောင်စုအရေအတွက် ဆယ်ပြည့်ပြီးနောက် အစွန်းထွက်ဖြစ်လျှင် အိမ်ထောင်စုအရေအတွက် မျှတစွာပါဝင်သော ဆယ်အိမ်စုနှစ်စုကို ဖွဲ့စည်းရမည်။

(ဂ) တစ်ဆက်တစ်စပ်တည်း အစဉ်လိုက်ဖြစ်သော သို့မဟုတ် အနီးစပ်ဆုံးယှဉ်တွဲလျက်ရှိသော ဆယ်အိမ်စုအစုအဖွဲ့ ဆယ်စုပါဝင်သည့် ရာအိမ်စုများကို ဖွဲ့စည်းရမည်။

(ဃ) သတ်မှတ်နယ်မြေတစ်ခုအတွင်း-

(၁) ဆယ်အိမ်စုအစုအဖွဲ့ ဆယ်စုမပြည့်သော်လည်း ဆယ်အိမ်စုငါးစုနှင့် အထက် ကျော်လွန်ပါက ရာအိမ်စု တစ်စုအဖြစ် သတ်မှတ်ဖွဲ့စည်းရမည်။

(၂) ဆယ်အိမ်စုအရေအတွက် ဆယ်ပြည့်ပြီးနောက် ဆယ်အိမ်စု အစွန်းထွက် ဖြစ်လျှင် ဆယ်အိမ်စုအရေအတွက် မျှတစွာပါဝင်သော ရာအိမ်စုနှစ်စုကို ဖွဲ့စည်းရမည်။

(၃) ဆယ်အိမ်စုအစုအဖွဲ့ ငါးစုမပြည့်သော်လည်း ဒေသတစ်ခုတွင် တည်ရှိပါက ယင်းဆယ်အိမ်စု အစုအဖွဲ့များကို ရာအိမ်စုတစ်ခုအဖြစ် သတ်မှတ်ဖွဲ့စည်းနိုင်သည်။

(င) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ ဖွဲ့စည်းထားသော ဆယ်အိမ်စုအစုအဖွဲ့၊ ရာအိမ်စုအစုအဖွဲ့ဖွဲ့စည်းမှုများကိုရက်သတ္တတစ်ပတ်အတွင်းအများပြည်သူသိရှိအောင် ကြေညာ၍ မှတ်တမ်းထားရှိရမည်။

၆။ ကြီးကြပ်ရေးအဖွဲ့သည်-

(က) ဆယ်အိမ်မှူးများ၊ ရာအိမ်မှူးများနှင့် ကျေးရွာတာဝန်ခံများရွေးချယ်မည့်ရက်မတိုင်မီ ရက်သတ္တတစ်ပတ်ကြိုတင်၍ နည်းဥပဒေ ၃ နည်းဥပဒေခွဲ(က)ပါ အိမ်ထောင်စုကိုယ်စားလှယ်တစ်ဦးစီကို နီးစပ်ရာနေရာများတွင်စုစည်းပြီး ဥပဒေပုဒ်မ ၅ ပါ သတ်မှတ်အရည်အချင်းများနှင့် ညီညွတ်သူကို ရွေးချယ်ရန်နှင့် ရွေးချယ်ပုံ လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို ရှင်းလင်းပြောကြားရမည်။

(ခ) ဆယ်အိမ်စုအသီးသီးတွင်နေထိုင်ကြသော အိမ်ထောင်စုကိုယ်စားလှယ်များအနက် ဥပဒေပုဒ်မ ၅ ပါ အရည်အချင်းများနှင့်ပြည့်စုံသည့်ပုဂ္ဂိုလ်အား ဆယ်အိမ်မှူးအဖြစ် အိမ်ထောင်စု ကိုယ်စားလှယ်များက ဆန္ဒမဲပေး၍ ရွေးချယ်စေရမည်။ ရရှိသောမဲစာရင်းကိုရေတွက်၍ ဆန္ဒမဲအများအနည်းအလိုက် ပုံစံ(က)ဖြင့် အမည်စာရင်းများပြုစုပြီး ဆန္ဒမဲအများဆုံးရရှိသူကို ဆယ်အိမ်မှူးအဖြစ် ရွေးချယ်ခံရကြောင်း တက်ရောက်လာသူများ၏ရှေ့မှောက်တွင် ကြေညာ၍ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် မှတ်တမ်းထားရမည်။

(ဂ) ရာအိမ်စုအသီးသီးတွင် ရွေးချယ်ခံရသော ဆယ်အိမ်မှူးများအနက်တစ်ဦးကို ရာအိမ်မှူးအဖြစ် သက်ဆိုင်ရာရာအိမ်စုအတွင်းရှိ အိမ်ထောင်စုကိုယ်စားလှယ်များက ဆန္ဒမဲပေး၍ ရွေးချယ်စေရမည်။ ရရှိသောမဲစာရင်းကို ရေတွက်၍ ဆန္ဒမဲအများအနည်းအလိုက် ပုံစံ(က-၁) ဖြင့် အမည်စာရင်းများပြုစုပြီး ဆန္ဒမဲအများဆုံးရရှိသူကို ရာအိမ်မှူးအဖြစ် ရွေးချယ်ခံရကြောင်း တက်ရောက်လာသူများ၏ ရှေ့မှောက်တွင် ကြေညာ၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် မှတ်တမ်းထားရမည်။

(ဃ) ကျေးရွာတစ်ရွာထက် ပိုမိုဖွဲ့စည်းထားသော ကျေးရွာအုပ်စုများတွင် သက်ဆိုင်ရာကျေးရွာမှရွေးချယ်ခြင်းခံရသည့် ဆယ်အိမ်မှူး၊ ရာအိမ်မှူးများအနက် တစ်ဦးကို

ကျေးရွာတာဝန်ခံအဖြစ် ဆယ်အိမ်မှူး၊ ရာအိမ်မှူးများက ဆန္ဒမဲပေး၍ ရွေးချယ်စေရမည်။ ရရှိသော မဲစာရင်းကို ရေတွက်၍ ဆန္ဒမဲအများအနည်းအလိုက် ပုံစံ(က-၂) ဖြင့် အမည်စာရင်းများပြုစုပြီး ဆန္ဒမဲအများဆုံးရရှိသူကို ကျေးရွာတာဝန်ခံအဖြစ် ရွေးချယ်ခံရကြောင်း တက်ရောက်လာသူများ၏ ရှေ့မှောက်တွင် ကြေညာ၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးတွင် မှတ်တမ်းထားရမည်။

(င) ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ ကျေးရွာတာဝန်ခံရွေးချယ်ရာတွင် အိမ်ထောင်စု ကိုယ်စားလှယ်တစ်ဦးစီ တက်ရောက်ရန် ကြိုတင်ဖိတ်ကြားထားသော်လည်း ရာနှုန်းပြည့် တက်ရောက်ခြင်းမရှိပါက တက်ရောက်လာသည့် အိမ်ထောင်စု ကိုယ်စားလှယ်များဖြင့်သာ ရွေးချယ်ရမည်။

(စ) ဆယ်အိမ်မှူး၊ ရာအိမ်မှူး သို့မဟုတ် ကျေးရွာတာဝန်ခံနေရာများ လစ်လပ်ပါက နည်းဥပဒေခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ) နှင့် (င) တို့နှင့်အညီ ပြန်လည် ရွေးချယ်ရမည်။

(ဆ) ဆန္ဒမဲပေး၍ ရွေးချယ်မှုများတွင် ဆန္ဒမဲအရေအတွက် တူညီလျှင်ဖြစ်စေ၊ အငြင်းပွားမှု ပေါ်ပေါက်ခဲ့လျှင်ဖြစ်စေ ရရှိသောဆန္ဒမဲအရေအတွက်ကို မည်သူမျှ ဝင်ရောက်ညှိနှိုင်း ဆောင်ရွက်ခွင့်မပြုဘဲ ဆန္ဒမဲပေး၍ ရွေးချယ်ခြင်းကို ထပ်မံပြုလုပ်ရမည်။

၇။ ကြီးကြပ်ရေးအဖွဲ့သည် ဆယ်အိမ်မှူးများ၏အမည်စာရင်းကို ပုံစံ(ခ)ဖြင့်လည်းကောင်း၊ ရာအိမ်မှူးများ၏ အမည်စာရင်းကို ပုံစံ(ခ-၁) ဖြင့်လည်းကောင်း၊ ကျေးရွာတာဝန်ခံများ၏ အမည်စာရင်းကို ပုံစံ(ခ-၂)ဖြင့်လည်းကောင်းပြုစုပြီး တက်ရောက်လာသူများ၏ ရှေ့မှောက်တွင် ကြေညာ၍ မှတ်တမ်းထားရမည်။

၈။ ကြီးကြပ်ရေးအဖွဲ့သည် -

(က) ရွေးချယ်ခြင်းခံရသောရာအိမ်မှူး တစ်ဦးထက်ပိုပါက ရာအိမ်မှူးများကို ရပ်ကွက်များတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးလောင်းများအဖြစ်လည်းကောင်း၊ ကျေးရွာအုပ်စုများတွင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးလောင်းများအဖြစ်လည်းကောင်းငင်းတို့၏အမည်စာရင်း ကို ပုံစံ(ဂ)ဖြင့် ပြုစုရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ အမည်စာရင်းပြုစုရာတွင် အုပ်ချုပ်ရေးမှူးအဖြစ် တာဝန် ထမ်းဆောင်ရန် ကိုယ်တိုင်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း ဆန္ဒ မပြုသည့် ရာအိမ်မှူးများရှိပါက တက်ရောက်လာသူများ၏ ရှေ့မှောက်တွင်

၎င်းတို့၏ အမည်ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးလောင်း အမည်စာရင်းမှ ချန်လှပ်ရမည်။ ချန်လှပ်မှုစာရင်းအား ပုံစံ (ဂ-၁) ဖြင့် ပြုစုထားရှိရမည်။

(ဂ) ရွေးချယ်ခြင်းခံရသူများအနက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး တာဝန်ထမ်းဆောင်ရန် ဆန္ဒပြုသူတစ်ဦးတည်းသာရှိပါက ၎င်းပုဂ္ဂိုလ်အား ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်နိုင်ရေး မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြရမည်။

၉။ ကြီးကြပ်ရေးအဖွဲ့သည်-

(က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်နိုင်ရေးအတွက် နေ့ရက်၊ အချိန်၊ နေရာတို့ကိုသတ်မှတ်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများအား ရက်သတ္တတစ်ပတ် ကြိုတင်အသိပေးကြေညာရမည်။

(ခ) သတ်မှတ်သည့် နေ့ရက်၊ အချိန်၊ နေရာတို့တွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အတွင်းရှိ အိမ်ထောင်စုကိုယ်စားလှယ်များက နည်းဥပဒေ ၈ နည်းဥပဒေခွဲ(က)အရ ပြုစုထားသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးလောင်းများ၏ အမည်စာရင်းပါ ပုဂ္ဂိုလ်များအနက် တစ်ဦးကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအဖြစ် လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်စေရမည်။

(ဂ) ရရှိသောမဲစာရင်းကို အများပြည်သူရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာ ရေတွက်၍ ဆန္ဒမဲအများအနည်းအလိုက် ပုံစံ(ဃ) ဖြင့် အမည်စာရင်းပြုစုပြီး ကြေညာ၍ မှတ်တမ်းထားရမည်။

(ဃ) ရွေးချယ်မှုများတွင် ဆန္ဒမဲအရေအတွက်တူညီလျှင်ဖြစ်စေ၊ အငြင်းပွားမှု ပေါ်ပေါက်လျှင်ဖြစ်စေ နည်းဥပဒေ ၃ နည်းဥပဒေခွဲ(က) နှင့်အညီ အမည်စာရင်းပေးသွင်းထားသည့် အိမ်ထောင်စုကိုယ်စားလှယ်များက လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်ခြင်းကို ထပ်မံပြုလုပ်ရမည်။

(င) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရွေးချယ်ရာ၌ လုံးဝရွေးချယ် မရသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုများကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီထံ မြို့နယ်အုပ်ချုပ်ရေးမှူးမှ တစ်ဆင့်တင်ပြကာ လမ်းညွှန်ချက်များနှင့်အညီ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ခြင်းကို ဆောင်ရွက်ရမည်။

၁၀။ ကြီးကြပ်ရေးအဖွဲ့သည်-

(က) နည်းဥပဒေ ၉ အရ ရွေးချယ်ခြင်းခံရသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးလောင်း၏ အမည်စာရင်းကို ပုံစံ (င) ဖြင့် ပြုစု၍ ကိုယ်ရေးအချက်အလက်များ ဖြည့်သွင်းထားသည့် ပုံစံ(စ) နှင့်အတူ မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြရမည်။

(ခ) နည်းဥပဒေ ၇ အရ ပြုစုထားသော ပုံစံ(ခ)၊ ပုံစံ(ခ-၁) နှင့် ပုံစံ (ခ-၂) တို့ကို ရွေးချယ်ခံထားရသည့် ဆယ်အိမ်မှူး၊ ရာအိမ်မှူးနှင့် ကျေးရွာတာဝန်ခံတို့၏ ကိုယ်ရေးအချက်အလက် ဖြည့်သွင်းထားသည့် ပုံစံ (စ) တို့နှင့်အတူ မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြရမည်။"

၄။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာနည်းဥပဒေများ အခန်း (၃) ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည် -

"ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးခန့်အပ်ခြင်းနှင့် ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ ကျေးရွာတာဝန်ခံများအား တာဝန်ပေးအပ်ခြင်း"

၅။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာနည်းဥပဒေများ နည်းဥပဒေ ၁၁ ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၁၁။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် -

(က) နည်းဥပဒေ ၁၀ နည်းဥပဒေခွဲ(က) နှင့်အညီ တင်ပြလာသော အမည်စာရင်းပါ ပုဂ္ဂိုလ်များကိုစိစစ်ပြီး ဥပဒေပုဒ်မ ၅ ပါ အရည်အချင်းများနှင့်ပြည့်စုံပါက သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအဖြစ် ပုံစံ(ဆ) ဖြင့် အမိန့်ထုတ်ပြန်၍ ခန့်အပ်ရမည်။ နည်းဥပဒေ ၁၀ နည်းဥပဒေခွဲ (ခ) နှင့်အညီ တင်ပြလာသော အမည်စာရင်းပါ ပုဂ္ဂိုလ်များကို စိစစ်ပြီး ဥပဒေပုဒ်မ ၅ ပါ အရည်အချင်းများနှင့်ပြည့်စုံပါက သက်ဆိုင်ရာဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ ကျေးရွာတာဝန်ခံများအဖြစ် တာဝန်ပေးအပ်သည့် ပုံစံ(ဇ) နှင့်အညီ တာဝန်ပေးအပ်ကြောင်း အကြောင်းကြားရမည်။

(ခ) သက်ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့က နည်းဥပဒေ ၁၀ နှင့်အညီ တင်ပြလာသော ပုဂ္ဂိုလ်များအနက်မှ ဥပဒေ ပုဒ်မ ၅ ပါ အရည်အချင်းများနှင့် ပြည့်စုံခြင်းမရှိသူကို စိစစ်တွေ့ရှိပါက အမည်စာရင်း ထပ်မံတင်ပြရန် ကြီးကြပ်ရေးအဖွဲ့သို့ အကြောင်း

ကြားရမည်။ ယင်းအကြောင်းကြားချက်အရ ကြီးကြပ်ရေးအဖွဲ့သည် နည်းဥပဒေ ၆၊ ၇၊ ၈၊ ၉ နှင့် ၁၀ တို့နှင့်အညီ ဆောင်ရွက်ပြီး တင်ပြလာသည့်အပေါ် နည်းဥပဒေခွဲ (က) ပါအတိုင်း ဆောင်ရွက်ရမည်။

(ဂ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး အမည်စာရင်း ပြန်လည်တင်ပြရန် ကြီးကြပ်ရေးအဖွဲ့ဝင်များကို တာဝန်ပေးအပ်ရာ၌ ကြီးကြပ်ရေးအဖွဲ့ဝင် တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုမိုသူများမှ နည်းဥပဒေ ၆၊ ၇၊ ၈၊ ၉ နှင့် ၁၀ တို့နှင့်အညီ ထပ်မံဆောင်ရွက်ရန် ပြင်းပယ်ပါက နည်းဥပဒေ ၄ ပါ အတိုင်း ပြန်လည်ရွေးချယ်ရေးစီမံဆောင်ရွက်ရမည်။

(ဃ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရွေးချယ်ခန့်အပ်ခြင်း ဆောင်ရွက်ရာတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု တစ်ခုချင်းအလိုက် ဖြစ်စဉ်များ၊ ဖြေရှင်းဆောင်ရွက်ခဲ့မှုများကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးတွင် မှတ်တမ်းထားရန် လက်ရှိတာဝန် ထမ်းဆောင်ဆဲ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအား ညွှန်ကြားရမည်။"

၆။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာနည်းဥပဒေများ နည်းဥပဒေ ၁၂ ခြေဆင်းကို အောက်ပါအတိုင်းအစားထိုးရမည်-

"၁၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မှုခင်းနှင့် ဒုစရိုက်မှုကာကွယ်ရေးတို့နှင့် စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် သက်ဆိုင်ရာ အနီးဆုံးရဲစခန်းသို့ သတင်းပေးပို့အကြောင်းကြားခြင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြခြင်းများကို ဆောင်ရွက်ရမည်-"

၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာနည်းဥပဒေများ နည်းဥပဒေ ၁၃ ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၁၃။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် နည်းဥပဒေ ၁၂ အရ သတင်းပေးပို့ချက်နှင့်စပ်လျဉ်း၍သက်ဆိုင်ရာက လာရောက်စုံစမ်းစစ်ဆေးရာတွင်လည်းကောင်း၊ ဖမ်းဆီးရာတွင်လည်းကောင်း၊ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်း၊ လက်နက်၊ ကိရိယာများကို သက်သေခံအဖြစ် သိမ်းဆည်းရာတွင်လည်းကောင်း၊ သက်ဆိုင်ရာ တရားရုံးများ၌ သက်သေထွက်ဆိုရာတွင်လည်းကောင်း ပူးပေါင်းဆောင်ရွက်ရမည်။"

၈။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဆိုင်ရာနည်းဥပဒေများ နည်းဥပဒေ ၁၄ တွင် –

(က) နည်းဥပဒေခွဲ(က)၏ နည်းဥပဒေခွဲငယ် (၁)၊ နည်းဥပဒေခွဲငယ် (၃)နှင့် နည်းဥပဒေခွဲငယ် (၄) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် –

"(၁) ဥပဒေ ပုဒ်မ ၁၃ ပုဒ်မခွဲ(စ) အရ အခမ်းအနားများနှင့် အများပြည်သူကို ဖျော်ဖြေသည့်ပွဲများ၊ ပြပွဲများ၊ ပြိုင်ပွဲများ၊ ရိုးရာဓလေ့ပွဲများ ကျင်းပလိုသော သက်ဆိုင်ရာ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများက ကျင်းပခွင့်ပြုပါရန် အသိပေးတင်ပြလာသည့်အခါ သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးထံ အသိပေးတင်ပြပြီး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ တာဝန်ယူ၊ တာဝန်ခံ ကျင်းပစေခြင်း၊

(၃) အသိပေးတင်ပြခြင်းမရှိဘဲ အများပြည်သူကို ဖျော်ဖြေသည့်ပွဲများ၊ ပြပွဲများ၊ ပြိုင်ပွဲများ၊ ရိုးရာဓလေ့ပွဲများ ကျင်းပခြင်း သို့မဟုတ် ယင်းပွဲများ ကျင်းပနိုင်ရန် အားပေးကူညီခြင်းတို့ကိုတွေ့ရှိပါက မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြ၍ ဥပဒေနှင့်အညီအရေးယူဆောင်ရွက်ခြင်း၊

(၄) အသိပေးတင်ပြ၍ ပွဲကျင်းပခြင်းဖြစ်သော်လည်း သတ်မှတ်ထားသော စည်းကမ်းချက်ကို လိုက်နာခြင်းမရှိကြောင်းတွေ့ရှိလျှင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရေး မြို့နယ်အုပ်ချုပ်ရေးမှူးထံသို့ တင်ပြခြင်း၊"

(ခ) နည်းဥပဒေခွဲ(ခ) ကို အောက်ပါ အတိုင်းအစားထိုးရမည်–

"(ခ) တစ်လနှင့်အထက်လာရောက်တည်းခိုနေထိုင်မှုအပေါ် အသိပေးအကြောင်းကြားခြင်းနှင့်စပ်လျဉ်း၍– "

"(၁) နေထိုင်သူကဖြစ်စေ၊ နေထိုင်သူမရှိပါက လာရောက်တည်းခို နေထိုင်သူကဖြစ်စေ ရပ်ကွက်ဖြစ်လျှင် ၂၄ နာရီ၊ ကျေးရွာဖြစ်လျှင် ၄၈ နာရီအတွင်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးသို့ လာရောက်အသိပေး အကြောင်းကြားစေခြင်း၊ ၎င်းတည်းခိုနေထိုင်သူ ပြန်လည်ထွက်ခွာသည့်အခါ နေထိုင်သူကဖြစ်စေ၊ နေထိုင်သူမရှိပါက လာရောက်တည်းခို နေထိုင်သူကဖြစ်စေ လာရောက်အသိပေး အကြောင်းကြားစေခြင်း၊

**ခြွင်းချက်။** ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးနှင့်အလှမ်းကွာဝေးသောကျေးရွာဖြစ်ပါက နေထိုင်သူကဖြစ်စေ၊ နေထိုင်သူမရှိပါက လာရောက်တည်းခိုနေထိုင်သူကဖြစ်စေ သက်ဆိုင်ရာ ကျေးရွာတာဝန်ခံထံ ၂၄ နာရီ အတွင်း လာရောက်အသိပေး အကြောင်းကြားစေခြင်း၊

(၂) မြို့နယ်အုပ်ချုပ်ရေးမှူး၏ ညွှန်ကြားချက်အရဖြစ်စေ၊ နယ်မြေတည်ငြိမ်အေးချမ်းရေးအရဖြစ်စေ သက်ဆိုင်ရာ နယ်မြေခံရဲတပ်ဖွဲ့၊ ကျေးရွာတာဝန်ခံ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ ပါဝင်သောအဖွဲ့ဖြင့် တစ်လနှင့်အထက်လာရောက်တည်းခို နေထိုင်သူများကို စစ်ဆေးခြင်း၊

(၃) တစ်လနှင့်အထက်လာရောက် တည်းခိုနေထိုင်သူများ ဧည့်စာရင်းမှတ်ပုံတင်စာအုပ်တွင် အပြည့်အစုံရေးသွင်းခြင်း၊

(၄) တစ်လနှင့်အထက် လာရောက်တည်းခိုနေထိုင်သူများ ဧည့်စာရင်းမှတ်ပုံတင်စာအုပ်ကို နှစ်ကုန်ဆုံးတိုင်း စာရင်းပိတ်သိမ်းခြင်း၊

(၅) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးနှင့် အလှမ်းကွာဝေးသော ကျေးရွာတွင်ဖြစ်ပါက သက်ဆိုင်ရာ ကျေးရွာတာဝန်ခံက မှတ်တမ်းရေးသွင်း၍ တစ်လတစ်ကြိမ် လဆန်းရက်တိုင်း ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးသို့ ပေးပို့စေခြင်း။"

၉။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေများ နည်းဥပဒေ ၁၄ တွင် နည်းဥပဒေခွဲ(ဃ)၏ ခြေဆင်း၊ နည်းဥပဒေခွဲ(ဃ) နည်းဥပဒေခွဲငယ် (၁) နှင့် နည်းဥပဒေခွဲ(ဃ) နည်းဥပဒေ ခွဲငယ် (၁) နည်းဥပဒေခွဲငယ်စိတ် (ခခ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဃ) အများပြည်သူဖျော်ဖြေမှုလုပ်ငန်းများခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍-

(၁) အများပြည်သူဖျော်ဖြေမှု လုပ်ငန်းများဖြစ်သော ဘိလိယက်နှင့် စနူကာခုံ၊ ဇယ်တောက်ခုံ၊ တိုင်ထောင်ခုံ၊ TV Games ဆိုင်များ၊ Internet Café ဆိုင်များနှင့် အခြားဖျော်ဖြေမှုလုပ်ငန်းများ တည်ထောင်လိုသူ သို့မဟုတ် အဖွဲ့အစည်းက အောက်ပါအချက်အလက်များကို ပြည့်စုံစွာဖော်ပြလျှောက်ထားလာသည့်အခါ မြေပြင်ကွင်းဆင်းစစ်ဆေး၍ သဘောထားမှတ်ချက်နှင့်အတူ မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြခွင့်ပြုချက်ရယူဆောင်ရွက်စေခြင်း-

(ခခ ) လျှောက်ထားလုပ်ကိုင်မည့် လုပ်ငန်းအမျိုးအစားအလိုက်သတ်မှတ်ချက်များ။"

၁၀။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာနည်းဥပဒေများ နည်းဥပဒေ ၁၈ ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၁၈။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း အများပြည်သူ၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေသည့် ခိုက်ရန်ဖြစ်ပွားမှု၊ သတ်ပုတ်နှောင့်ယှက်မှု၊ ဥပဒေနှင့်မညီသော သို့မဟုတ် ဥပဒေနှင့်ဆန့်ကျင်မှုများ ဖြစ်ပွားကြောင်း ခိုင်လုံသောသတင်းရရှိပါကသက်ဆိုင်ရာရဲစခန်းသို့အကြောင်းကြားခြင်းနှင့်မိမိရှေ့တွင်ကျူးလွန်ကြောင်း တွေ့ရှိပါက တားဆီးခြင်း၊ ဖမ်းဆီးခြင်းနှင့် သက်ဆိုင်ရာရဲစခန်းသို့ လွှဲအပ်ခြင်းပြုရမည်။"

၁၁။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာနည်းဥပဒေများ နည်းဥပဒေ ၂၀ နည်းဥပဒေခွဲ (ခ) နှင့် နည်းဥပဒေခွဲ (ဂ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ ) မွေးဖွားကြောင်း တိုင်ကြားချက်ရရှိလျှင် အ/ ပုံစံ-၂ တွင် ရေးသွင်းထားပြီး သက်ဆိုင်ရာ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန သို့မဟုတ် ကုသရေးဦးစီးဌာန နှင့်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနများသို့ အကြောင်းကြားခြင်း၊

(ဂ ) သေဆုံးကြောင်းတိုင်ကြားချက်ရရှိလျှင် အ/ ပုံစံ-၃ တွင် ရေးသွင်းထားပြီး သက်ဆိုင်ရာ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန သို့မဟုတ် ကုသရေးဦးစီး ဌာနနှင့်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနများသို့ အကြောင်းကြားခြင်း။"

၁၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေများ နည်းဥပဒေ၂၇ နည်းဥပဒေခွဲ(စ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(စ ) မီးဘေး၊ ရေဘေး၊ လေဘေး၊ ငလျင်ဘေးစသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်၍ အများပြည်သူနှင့် ဒေသခံပြည်သူများ၏ အကျိုးကိုလတ်တလော ထိခိုက်စေနိုင်သော အရေးပေါ်အခြေအနေများ ပေါ်ပေါက်သည့်အခါ ဒေသခံပြည်သူများနှင့် ပူးပေါင်း ဆောင်ရွက်သည့် လုပ်ငန်းအားလုံးသည် ၎င်းတို့အတွက် ကြီးလေးသော ဝန်ထုပ်ဝန်ပိုး မဖြစ်စေဘဲ အရေးကြီးပြီး တိုက်ရိုက်အကျိုးပြုသည့်လုပ်ငန်းကို ချက်ချင်းဆောင်ရွက်ခြင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးထံ အမြန်ဆုံးတင်ပြခြင်း။"

၁၃။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာနည်းဥပဒေများ နည်းဥပဒေ ၂၈ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၂၈။ (က) နည်းဥပဒေ ၁၁(က)အရတာဝန်ပေးအပ်ပြီးဖြစ်သော ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ ကျေးရွာတာဝန်ခံများသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ၏ လုပ်ငန်းတာဝန်များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး အတွက် ဥပဒေ ပုဒ်မ ၃၄-က နှင့်အညီ ပူးပေါင်းပါဝင် ဆောင်ရွက်ရမည်။

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ ကျေးရွာ တာဝန်ခံ တစ်ဦးဦးက ဥပဒေပုဒ်မ ၃၄-က အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးမှ နည်းလမ်းတကျ တာဝန်ပေးဆောင်ရွက်မှုအပေါ် ငြင်းပယ်ခြင်း သို့မဟုတ် ပျက်ကွက်ခြင်းရှိကြောင်း ပေါ်ပေါက်လျှင် မြို့နယ်အုပ်ချုပ်ရေးမှူးသည် လိုအပ်သော စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီး ဆယ်အိမ်မှူး၊ ရာအိမ်မှူး သို့မဟုတ် ကျေးရွာတာဝန်ခံကို နုတ်ထွက်ခွင့်ပြုခြင်း သို့မဟုတ် တာဝန်မှရပ်စဲခြင်းပြုနိုင်သည်။

၁၄။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေများ နည်းဥပဒေ ၃၀ ၏ ခေါင်းစဉ်ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၃၀။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး တစ်ဦးဦး နှင့်ပတ်သက်၍ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်လျှင် စုံစမ်းစစ်ဆေးမှုပြုရန် လိုအပ်ပါက အဖွဲ့ဖြင့် စုံစမ်းစစ်ဆေးပြီး နုတ်ထွက်ခွင့်ပြုခြင်း၊ တာဝန်မှယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်းပြုနိုင်သည်- "

၁၅။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေများ နည်းဥပဒေ ၃၁ နည်းဥပဒေခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) မြို့နယ်အုပ်ချုပ်ရေးမှူးသည် နုတ်ထွက်ခွင့်ပြုခြင်း သို့မဟုတ် တာဝန်မှ ရပ်စဲခြင်း ကြောင့် လစ်လပ်သည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနေရာ အတွက် ဥပဒေပုဒ်မ ၆ အရ ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ ဤနည်းဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်စေပြီး ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးကို ရက်ပေါင်း ၃၀ အတွင်း ခန့်အပ်ရမည်။"

၁၆။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေများ နည်းဥပဒေ ၃၂ နည်းဥပဒေခွဲ(က) နည်းဥပဒေခွဲငယ် (၃)၏ နောက်တွင် နည်းဥပဒေခွဲငယ် (၄)နှင့် (၅)တို့ကို အောက်ပါ အတိုင်း ဖြည့်စွက်ရမည်-

"(၄) အခြားရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမှ တစ်လနှင့်အထက် လာရောက်တည်းခိုနေထိုင်သူများ ရှိပါက နည်းဥပဒေ ၁၄ နည်းဥပဒေခွဲ (ခ) နည်းဥပဒေခွဲငယ် (၁) ပါ သတ်မှတ် နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး သို့မဟုတ် ကျေးရွာတာဝန်ခံထံ သွားရောက်အသိပေးအကြောင်းကြားခြင်း၊

(၅) မိမိမရှိသည့်အချိန်ဖြစ်ပါက တစ်လနှင့်အထက် လာရောက်တည်းခိုနေထိုင်သူကို နည်းဥပဒေ ၁၄ နည်းဥပဒေခွဲ (ခ) နည်းဥပဒေခွဲငယ် (၁) ပါ သတ်မှတ်နည်းလမ်းများ နှင့်အညီ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး သို့မဟုတ် ကျေးရွာတာဝန်ခံထံ သွားရောက်အသိပေး အကြောင်းကြားစေခြင်း။"

၁၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာနည်းဥပဒေများ နည်းဥပဒေ ၃၈ နည်းဥပဒေခွဲ (က) နည်းဥပဒေခွဲငယ် (၄) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၄) တစ်လနှင့်အထက် လာရောက်တည်းခို နေထိုင်သူများ၏ ဧည့်စာရင်းမှတ်ပုံတင် " အ/ပုံစံ - ၄

၁၈။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာနည်းဥပဒေများ နည်းဥပဒေ ၄၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄၁။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုများတွင် တာဝန်ပေးအပ်ထားသော ကျေးရွာတာဝန်ခံ၊ ရာအိမ်မှူးနှင့် ဆယ်အိမ်မှူးများသည် ဥပဒေအခန်း (၅) ပါ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်များကိုလည်းကောင်း၊ ဥပဒေအခန်း (၆) ပါ လုပ်ငန်းအခြေခံမှုများကိုလည်းကောင်း လိုက်နာဆောင်ရွက်ရမည်။"

၁၉။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာနည်းဥပဒေများ နည်းဥပဒေ ၄၂ ကို ပယ်ဖျက်ရမည်။

မင်းသူ

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

စာအမှတ်၊ ၄၅၄ / ၆၆၆ - ၂၀၀ / အဖရ (၂၀၂၀)

ရက် စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၂ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုဝန်ကြီးဌာန(အားလုံး)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းရုံး/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရုံးများ

နေပြည်တော်၊ တိုင်းဒေသကြီး /ပြည်နယ်

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများအားလုံး

} မိမိဌာနလက်အောက်ရှိ ခရိုင်နှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ ဖြန့်ဝေပေးပါရန်၊

ညွှန်ကြားရေးမှူးချုပ်

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန

} မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြော်ငြာပေးပါရန်မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်၊

အမိန့်အရ

၂၂/၂/၂၀၂၀

မြင့်သန်း

ညွှန်ကြားရေးမှူးချုပ်

မိတ္တူကို

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

လက်ခံစာတွဲ

မျှောစာတွဲ

ပုံစံ (က)

# ဆယ်အိမ်မှူးအဖြစ် တာဝန်ပေးရန် ရွေးချယ်မှုတွင် မဲရရှိမှုစာရင်း

[ နည်းဥပဒေ – ၆ ( ၁ ) ]

------------ ရပ်ကွက် / ကျေးရွာ၊------------ ကျေးရွာအုပ်စု ရက်စွဲ၊ – –

| စဉ် | အမည် | အဘအမည် | လူမျိုး/ဘာသာ | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | နေရပ်လိပ်စာ | မဲအရေအတွက် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | | | | | |

ရှင်းလင်းချက်။ မဲရရှိမှုအများအနည်းအလိုက်စာရင်းပြုစုထားရန် ဖြစ်ပါသည်။

ကြီးကြပ်ရေးအဖွဲ့

| အဖွဲ့ခေါင်းဆောင် | အဖွဲ့ဝင် (၁) | အဖွဲ့ဝင် (၂) | အဖွဲ့ဝင် (၃) | အဖွဲ့ဝင် (၄) |
|---|---|---|---|---|
| လက်မှတ်-------- | လက်မှတ်-------- | လက်မှတ်-------- | လက်မှတ်-------- | လက်မှတ်-------- |
| အမည်------------ | အမည်------------ | အမည်------------ | အမည်------------ | အမည်------------ |

G:\1E-Ward or village Tract\2020\After UAGO (25-8-2020)\ Table

ပုံစံ (က- ၁)

# ရာအိမ်မှူးအဖြစ် တာဝန်ပေးရန် ရွေးချယ်မှုတွင် မဲရရှိမှုစာရင်း

[ နည်းဥပဒေ - ၆ ( ဂ ) ]

------------- ရပ်ကွက် / ကျေးရွာ၊------------- ကျေးရွာအုပ်စု ရက်စွဲ၊ - -

| စဉ် | အမည် | အဘအမည် | လူမျိုး/ ဘာသာ | နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် | နေရပ်လိပ်စာ | မဲအရေ အတွက် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | | | | | |

ရှင်းလင်းချက်။ မဲရရှိမှုအများအနည်းအလိုက်စာရင်းပြုစုထားရန် ဖြစ်ပါသည်။

ကြီးကြပ်ရေးအဖွဲ့

| အဖွဲ့ခေါင်းဆောင် | အဖွဲ့ဝင် (၁) | အဖွဲ့ဝင် (၂) | အဖွဲ့ဝင် (၃) | အဖွဲ့ဝင် (၄) |
|---|---|---|---|---|
| လက်မှတ်-------- | လက်မှတ်-------- | လက်မှတ်-------- | လက်မှတ်-------- | လက်မှတ်-------- |
| အမည်------------ | အမည်------------ | အမည်------------ | အမည်------------ | အမည်------------ |

ပုံစံ (က- ၂)

# ကျေးရွာတာဝန်ခံအဖြစ် တာဝန်ပေးရန် ရွေးချယ်မှုတွင် မဲရရှိမှုစာရင်း

[ နည်းဥပဒေ – ၆ (ဃ) ]

------------ ကျေးရွာ၊------------ ကျေးရွာအုပ်စု ရက်စွဲ၊ – –

| စဉ် | အမည် | အဘအမည် | လူမျိုး/ ဘာသာ | နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် | နေရပ်လိပ်စာ | မဲအရေ အတွက် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | | | | | |

ရှင်းလင်းချက်။ မဲရရှိမှုအများအနည်းအလိုက်စာရင်းပြုစုထားရန် ဖြစ်ပါသည်။

ကြီးကြပ်ရေးအဖွဲ့

| အဖွဲ့ခေါင်းဆောင် | အဖွဲ့ဝင် (၁) | အဖွဲ့ဝင် (၂) | အဖွဲ့ဝင် (၃) | အဖွဲ့ဝင် (၄) |
|---|---|---|---|---|
| လက်မှတ်-------- | လက်မှတ်-------- | လက်မှတ်-------- | လက်မှတ်-------- | လက်မှတ်-------- |
| အမည်------------ | အမည်------------ | အမည်------------ | အမည်------------ | အမည်------------ |

ပုံစံ (ခ)

# ဆယ်အိမ်မှူးအဖြစ် တာဝန်ပေးရန် ရွေးချယ်ခြင်းခံရသောပုဂ္ဂိုလ်များ၏ အမည်စာရင်း

[ နည်းဥပဒေ - ၇ ]

------------ ရပ်ကွက် / ကျေးရွာ၊------------ ကျေးရွာအုပ်စု ရက်စွဲ၊ - -

| စဉ် | ရွေးချယ်ခံရသည့် ပုဂ္ဂိုလ်အမည် | အဘအမည် | လူမျိုး/ ဘာသာ | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | နေရပ်လိပ်စာ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | | | |

ကြီးကြပ်ရေးအဖွဲ့

| အဖွဲ့ခေါင်းဆောင် | အဖွဲ့ဝင် (၁) | အဖွဲ့ဝင် (၂) | အဖွဲ့ဝင် (၃) | အဖွဲ့ဝင် (၄) |
|---|---|---|---|---|
| လက်မှတ်-------- | လက်မှတ်-------- | လက်မှတ်-------- | လက်မှတ်-------- | လက်မှတ်-------- |
| အမည်----------- | အမည်----------- | အမည်----------- | အမည်----------- | အမည်----------- |

ပုံစံ (၁ - ၁)

# ရာအိမ်မှူးအဖြစ် တာဝန်ပေးရန် ရွေးချယ်ခြင်းခံရသောပုဂ္ဂိုလ်များ၏ အမည်စာရင်း

[ နည်းဥပဒေ - ၇ ]

------------ ရပ်ကွက် / ကျေးရွာ၊------------ ကျေးရွာအုပ်စု ရက်စွဲ၊ - -

| စဉ် | ရွေးချယ်ခံရသည့် ပုဂ္ဂိုလ်အမည် | အဘအမည် | လူမျိုး/ ဘာသာ | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | နေရပ်လိပ်စာ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | | | |

ကြီးကြပ်ရေးအဖွဲ့

| အဖွဲ့ခေါင်းဆောင် | အဖွဲ့ဝင် (၁) | အဖွဲ့ဝင် (၂) | အဖွဲ့ဝင် (၃) | အဖွဲ့ဝင် (၄) |
|---|---|---|---|---|
| လက်မှတ်-------- | လက်မှတ်-------- | လက်မှတ်-------- | လက်မှတ်-------- | လက်မှတ်-------- |
| အမည်------------ | အမည်------------ | အမည်------------ | အမည်------------ | အမည်------------ |

ပုံစံ (၁ – ၂)

# ကျေးရွာတာဝန်ခံအဖြစ် တာဝန်ပေးရန် ရွေးချယ်ခြင်းခံရသောပုဂ္ဂိုလ်များ၏ အမည်စာရင်း

[ နည်းဥပဒေ – ၇ ]

------------ ကျေးရွာ၊------------ ကျေးရွာအုပ်စု ရက်စွဲ၊ – –

| စဉ် | ရွေးချယ်ခံရသည့် ပုဂ္ဂိုလ်အမည် | အဘအမည် | လူမျိုး/ ဘာသာ | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | နေရပ်လိပ်စာ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | | | |

ကြီးကြပ်ရေးအဖွဲ့

| အဖွဲ့ခေါင်းဆောင် | အဖွဲ့ဝင် (၁) | အဖွဲ့ဝင် (၂) | အဖွဲ့ဝင် (၃) | အဖွဲ့ဝင် (၄) |
|---|---|---|---|---|
| လက်မှတ်-------- | လက်မှတ်-------- | လက်မှတ်-------- | လက်မှတ်-------- | လက်မှတ်-------- |
| အမည်------------ | အမည်------------ | အမည်------------ | အမည်------------ | အမည်------------ |

ပုံစံ ( ဂ )

## ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးလောင်းများအဖြစ် လျာထားခြင်းခံရသော ပုဂ္ဂိုလ်များ၏ အမည်စာရင်း

[ နည်းဥပဒေ – ၈ (က) ]

------------ ရပ်ကွက် / ကျေးရွာအုပ်စု ရက်စွဲ၊ – –

| စဉ် | လျာထားခြင်းခံရသောပုဂ္ဂိုလ်အမည် | အဘအမည် | လူမျိုး/ ဘာသာ | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | နေရပ်လိပ်စာ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | | | |

ကြီးကြပ်ရေးအဖွဲ့

| အဖွဲ့ခေါင်းဆောင် | အဖွဲ့ဝင် (၁) | အဖွဲ့ဝင် (၂) | အဖွဲ့ဝင် (၃) | အဖွဲ့ဝင် (၄) |
|---|---|---|---|---|
| လက်မှတ်-------- | လက်မှတ်-------- | လက်မှတ်-------- | လက်မှတ်-------- | လက်မှတ်-------- |
| အမည်------------ | အမည်------------ | အမည်------------ | အမည်------------ | အမည်------------ |

ပုံစံ ( ဂ-၁)

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးလောင်းအမည်စာရင်းမှ ချန်လှပ်မှုစာရင်း

[ နည်းဥပဒေ - ၈(ခ) ]

------------ ရပ်ကွက် / ကျေးရွာအုပ်စု ရက်စွဲ၊ - -

| စဉ် | ပုဂ္ဂိုလ်အမည် | အဘအမည် | လူမျိုး/ ဘာသာ | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | နေရပ်လိပ်စာ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | | | |

ကြီးကြပ်ရေးအဖွဲ့

| အဖွဲ့ခေါင်းဆောင် | အဖွဲ့ဝင် (၁) | အဖွဲ့ဝင် (၂) | အဖွဲ့ဝင် (၃) | အဖွဲ့ဝင် (၄) |
|---|---|---|---|---|
| လက်မှတ်-------- | လက်မှတ်-------- | လက်မှတ်-------- | လက်မှတ်-------- | လက်မှတ်-------- |
| အမည်----------- | အမည်----------- | အမည်----------- | အမည်----------- | အမည်----------- |

ပုံစံ ( ဃ )

# ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးလောင်းအဖြစ် လျာထားသောပုဂ္ဂိုလ်များ၏ မဲရရှိမှုစာရင်း

[ နည်းဥပဒေ - ၉ ( ဂ ) ]

------------ ရပ်ကွက် / ကျေးရွာအုပ်စု ရက်စွဲ၊ - -

| စဉ် | အမည် | အဘအမည် | လူမျိုး/ ဘာသာ | နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် | နေရပ်လိပ်စာ | မဲအရေ အတွက် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | | | | | |

ရှင်းလင်းချက်။ မဲရရှိမှုအများအနည်းအလိုက်စာရင်းပြုစုထားရန် ဖြစ်ပါသည်။

ကြီးကြပ်ရေးအဖွဲ့

| အဖွဲ့ခေါင်းဆောင် | အဖွဲ့ဝင် (၁) | အဖွဲ့ဝင် (၂) | အဖွဲ့ဝင် (၃) | အဖွဲ့ဝင် (၄) |
|---|---|---|---|---|
| လက်မှတ်-------- | လက်မှတ်-------- | လက်မှတ်-------- | လက်မှတ်-------- | လက်မှတ်-------- |
| အမည်------------ | အမည်------------ | အမည်------------ | အမည်------------ | အမည်------------ |

ပုံစံ ( င )

# ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်တာဝန်ပေးရန် ရွေးချယ်ခြင်းခံရသော ပုဂ္ဂိုလ်၏ အမည်စာရင်း

[ နည်းဥပဒေ - ၁၀ (က) ]

------------ ရပ်ကွက် / ကျေးရွာအုပ်စု ရက်စွဲ၊ - -

| စဉ် | ရွေးချယ်ခံရသည့် ပုဂ္ဂိုလ်အမည် | အဘအမည် | လူမျိုး/ ဘာသာ | နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် | နေရပ်လိပ်စာ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | | | |

ကြီးကြပ်ရေးအဖွဲ့

| အဖွဲ့ခေါင်းဆောင် | အဖွဲ့ဝင် (၁) | အဖွဲ့ဝင် (၂) | အဖွဲ့ဝင် (၃) | အဖွဲ့ဝင် (၄) |
|---|---|---|---|---|
| လက်မှတ်-------- | လက်မှတ်-------- | လက်မှတ်-------- | လက်မှတ်-------- | လက်မှတ်-------- |
| အမည်------------ | အမည်------------ | အမည်------------ | အမည်------------ | အမည်------------ |

ပုံစံ ( ၈ )

ရွေးချယ်ခံရသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးရွာတာဝန်ခံ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးတို့၏ ကိုယ်ရေးအချက်အလက်များ

[ နည်းဥပဒေ ၁၀ ]

ဓာတ်ပုံ

၁။ အမည် ------------------------------------------------

၂။ အခြားအမည်(ရှိလျှင်) ------------------------------------------------

၃။ အဘအမည် ------------------------------------------------

၄။ အသက်နှင့်မွေးသက္ကရာဇ် ------------------------------------------------

၅။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------------------------------

၆။ အလုပ်အကိုင်(အပြည့်အစုံ) ------------------------------------------------

၇။ ပညာအရည်အချင်း(နောက်ဆုံးအောင်မြင် ------------------------------------------------
သည့်အတန်း) ------------------------------------------------

၈။ လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ ------------------------------------------------

၉။ မွေးဖွားရာဇာတိ ------------------------------------------------

၁၀။ လက်ရှိနေရပ်လိပ်စာ ------------------------------------------------

၁၁။ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာ ------------------------------------------------
အုပ်စုအတွင်းတစ်ဆက်တည်းနေထိုင်ခဲ့သော ------------------------------------------------
ကာလ ------------------------------------------------

၁၂။ တာဝန်ထမ်းဆောင်ချိန်တွင် သက်ဆိုင်ရာ ------------------------------------------------
ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင် ------------------------------------------------
အမှန်တကယ်နေထိုင်မည့်သူဟုတ်/မဟုတ် ------------------------------------------------

၁၃။ နိုင်ငံရေးပါတီဝင်ဖြစ်/မဖြစ်နှင့် ပါတီဝင် ------------------------------------------------
ဖြစ်က ပါတီအမည်နှင့် တာဝန်

၁၄။ လက်နက်ကိုင်အဖွဲ့အစည်းဝင်နှင့် မတရားအသင်းအဖွဲ့များ၌ ပါဝင်သူ၊ ဆက်သွယ်သူ ဟုတ်/မဟုတ် ----------------------------------------

၁၅။ ပြစ်မှုပြစ်ဒဏ်ကျခံရဖူးခြင်းရှိ/မရှိ နှင့်ရှိက ပြစ်မှုနှင့်ပြစ်ဒဏ်အမျိုးအစား ----------------------------------------

၁၆။ ဆောင်ရွက်ခဲ့ဖူးသည့် ရပ်ရွာအကျိုးပြု လုပ်ငန်းများ ----------------------------------------

၁၇။ အဘအမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ----------------------------------------

၁၈။ အမိအမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ----------------------------------------

၁၉။ ခင်ပွန်း/ဇနီးအမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ ----------------------------------------

၂၀။ သား/သမီးများ၏ အမည်၊ အလုပ်အကိုင်နှင့် နေရပ်လိပ်စာများ (နေရာမလုံလောက်ပါကသီးခြားစာရွက်ဖြင့်ဖော်ပြ၍ တွဲရန်) ----------------------------------------

အထက်ဖော်ပြပါအချက်အလက်များ မှန်ကန်ကြောင်း ဝန်ခံကတိပြုလက်မှတ်ရေးထိုးပါသည်။

--------------------

( )

ရက်စွဲ။ ခုနှစ် လ ရက်

ပုံစံ (ဆ)

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

----------------------- မြို့နယ်

အမိန့်အမှတ် -----------

၁၃ ခုနှစ်၊ လ ရက်

၂၀ ပြည့်နှစ်၊ လ ရက်

## ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအဖြစ် ခန့်အပ်ခြင်း

၁။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၈ ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ရပ်ကွက်၊ ကျေးရွာအုပ်စုအသီးသီးတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး အဖြစ်ခန့်အပ်လိုက်သည်-

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | ရပ်ကွက်/ ကျေးရွာ အုပ်စုအမည် |
|---|---|---|---|---|
| ၁။ | - | - | - | - |
| ၂။ | - | - | - | - |
| ၃။ | - | - | - | - |

၂။ အပိုဒ် (၁) ပါ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများသည် ၂၀၁၂ခုနှစ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေနှင့် တည်ဆဲဥပဒေများပါ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ လုပ်ငန်းတာဝန်များကို အောက်ဖော်ပြပါ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု နယ်မြေအတွင်း ကျင့်သုံးဆောင်ရွက် စေလိုက်သည်-

(က) ----------------ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးနယ်နိမိတ်အလားအလာ

အရှေ့လားသော် ----------------

တောင်လားသော် ----------------

အနောက်လားသော် ----------------

မြောက်လားသော် ----------------

(ခ ) ----------------ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးနယ်နိမိတ်အလားအလာ

အရှေ့လားသော် ----------------

တောင်လားသော် ----------------

အနောက်လားသော် ----------------

မြောက်လားသော် ----------------

(ဂ) ----------------ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးနယ်နိမိတ်အလားအလာ

အရှေ့လားသော် ----------------

တောင်လားသော် ----------------

အနောက်လားသော် ----------------

မြောက်လားသော် ----------------

မြို့နယ်အုပ်ချုပ်ရေးမှူး

( ဦး-----------၊ ပ/----------)

ရက်စွဲ ၊

စာအမှတ် ၊

**ဖြန့်ဝေခြင်း**

သက်ဆိုင်သည့်ပုဂ္ဂိုလ်များ

**မိတ္တူကို**

အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ -----------------

အုပ်ချုပ်ရေးမှူးခန့်အပ်သည့်မှတ်ပုံတင်စာအုပ်

အုပ်ချုပ်ရေးမှူး၊ -------------- ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး

လက်ခံစာတွဲ

မျှောစာတွဲ

ပုံစံ (ဈ)

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
---------------------- မြို့နယ်

စာအမှတ်၊ -----------------------------
ရက်စွဲ၊ -------------------------------

အကြောင်းအရာ။ ------------ မြို့နယ်အတွင်း ဆယ်အိမ်မှူး၊ ရာအိမ်မှူးနှင့် ကျေးရွာတာဝန်ခံများအား တာဝန်ပေးအပ်ခြင်း

၁။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၈ ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ရပ်ကွက်၊ ကျေးရွာ၊ ကျေးရွာအုပ်စုအသီးသီးတွင် ဆယ်အိမ်မှူး၊ ရာအိမ်မှူးနှင့် ကျေးရွာတာဝန်ခံများအဖြစ် ဆောင်ရွက်ရန် တာဝန်ပေးအပ်လိုက်သည်-

ဆယ်အိမ်မှူးများစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | ရပ်ကွက်/ ကျေးရွာ အမည် |
|---|---|---|---|---|
| ၁။ | - | - | - | - |
| ၂။ | - | - | - | - |
| ၃။ | - | - | - | - |

ရာအိမ်မှူးများစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | ရပ်ကွက်/ ကျေးရွာ အုပ်စုအမည် |
|---|---|---|---|---|
| ၁။ | - | - | - | - |
| ၂။ | - | - | - | - |
| ၃။ | - | - | - | - |

ကျေးရွာတာဝန်ခံများစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | ကျေးရွာအုပ်စုအမည်နှင့် ကျေးရွာအမည် |
|---|---|---|---|---|
| ၁။ | - | - | - | - |
| ၂။ | - | - | - | - |
| ၃။ | - | - | - | - |

မြို့နယ်အုပ်ချုပ်ရေးမှူး

( ဦး-----------၊ ပ/----------)

ဖြန့်ဝေခြင်း

သက်ဆိုင်သည့်ပုဂ္ဂိုလ်များ

မိတ္တူကို

အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ -----------------

အုပ်ချုပ်ရေးမှူး၊ -------------- ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး

လက်ခံစာတွဲ

မျှော စာတွဲ

အ/ပုံစံ - ၄

## တစ်လနှင့်အထက်လာရောက်တည်းခိုနေထိုင်သူများ၏ ဧည့်စာရင်းမှတ်ပုံတင်

ရက်စွဲ၊ - -

| ဆိုက်ရောက်သည့် နေ့ရက် | အမည် | အမြဲ နေရပ် | မည်သည့် အရပ်မှ လာရောက်သည် | လာရောက်သည့် အကြောင်းအရာ | လာရောက်သူလက်ရှိ ကျွဲနွား တိရစ္ဆာန်ကောင်ရေ မျိုး/မည် အကြောင်းအရာ | ကျွဲနွား တိရစ္ဆာန်များကို မည်သူ့ထံမှ မည်သည့် အရပ်ကရသည် | ယာဉ်အမျိုးအစားနှင့် ယာဉ် အမှတ် | လာရောက်သူ ထွက်ခွာ သည့် နေ့ရက် | ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၏မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | |

### ပုံစံရှင်းလင်းချက်

၁။ ဤပုံစံသည် ရပ်ကွက်/ကျေးရွာအုပ်စုအနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် အထောက်အကူပြုထားရှိရမည့်ပုံစံဖြစ်ပါသည်။ မိမိရပ်ကွက်/ကျေးရွာအုပ်စုအတွင်းရောက်ရှိလာသော **တစ်လနှင့်အထက်လာရောက်တည်းခိုနေထိုင်သူ ဧည့်သည်များ** လူဝင်/ လူထွက်ကို စနစ်တကျ မှတ်တမ်းတင်ထားရှိသည့် ပုံစံဖြစ်ပါသည်။

၂။ ဤပုံစံကို စာအုပ်ဖြင့် ပုံစံပါဇယားစာတိုင်များအတိုင်း ရေးဆွဲအသုံးပြုရမည်ဖြစ်ပါသည်။ နှစ်ကုန်ဆုံးတိုင်း စာရင်းပိတ်၍နောက်နှစ် အတွက် စာရင်းအသစ် ရေးဆွဲအသုံးပြုရမည်ဖြစ်ပါသည်။